## ကျွန်ုပ်တို့၏ အမြင်

*စိတ်ပိုင်းကျန်းမာခြင်းများ = ကျန်းမာပြီးကြံ့ခိုင်သော ယဉ်ကျေးမှုမျိုးစုံ လူ့အဖွဲ့အစည်း*

## ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်

*မျိုးမတူကွဲပြားခြားနားကြသော ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းတွင် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘဝတစ်လျှောက်လုံး ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ စိတ်ပိုင်းကျန်းမာရေးတွင် ဆန်းသစ်သော ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးကို ဦးဆောင်ရန်နှင့် ကျန်းမာသောစိတ်ပိုင်းနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို ရရှိရန်*

**Metro South Addiction and Mental Health Services**

## ကျွန်ုပ်တို့ကို ဆက်သွယ်ရန်


**လိပ်စာ**
Floor 1, 519 Kessels Road
MacGregor Qld 4109

**တယ်လီဖုန်း**
07 3167 8333 (ဘရစ်စဘိန်းမြို့တော်နယ်နိမိတ်အတွင်း)
1800 188 189 ((ဘရစ်စဘိန်းမြို့တော်နယ်နိမိတ်ပြင်ပ)

**ဖက်စ်**

07 3167 8322

**အီးမေးလ်**

qtmhc@health.qld.gov.au

**ဝက်ဘ်ဆိုက်**

www.health.qld.gov.au/metrosouthmentalhealth/qtmhc


**ရုံးဖွင့်ချိန်**
တနင်္လာနေ့မှ သောကြာနေ့
နံနက် ၈.၃၀ နာရီမှ - ညနေ ၅ နာရီအထိ

**Metro South Addiction and Mental Health Services**

# Queensland Transcultural Mental Health Centre

## ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာန

*ယဉ်ကျေးမှုအဂုနှင့် ဘာသာစကားအရ ကွဲပြားခြားနားသော ဘဝနောက်ခံများမှလာသူများအတွက် ပြည်နယ်အနှံ့ ဝန်ဆောင်မှု*

BURMESE

# ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာန (QTMHC)

## ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာန (QTMHC) ဆိုတာဘာလဲ။

(QTMHC) ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မတူ ခြားနားသော (CALD) ပုဂ္ဂိုလ်များ၊ မိသားစုများ၊ လူမှု အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များအား ယဉ်ကျေးမှုအရလက်ခံသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုကို အသက်အရွယ်အားလုံးအတွက် ရှုပ်ထွေးခက်ခဲသော စိတ်ပိုင်းဆိုင်ရာ ပြဿနာများကိုအာရုံစိုက်ပြီး စဉ်ဆက်မပြတ် စောင့်ရှောက်ခြင်းပြုလုပ်ရန် ပြည်နယ်အနှံ့ အထူးကု၏ ဝန်ဆောင်မှုများ ပေးပါသည်။

QTMHC သည် ဆေးပညာပိုင်းနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ ဆွေးနွေးတိုင်ပင်သည့် ဝန်ဆောင်မှုများနှင့် သိကောင်းစရာ အချက်အလက်များ၊ လူ၊ ပစ္စည်းအင်အား၊ ကျွမ်းကျင်မှုများ၊ ဆေးပညာပိုင်းနှင့် လူမှုအဖွဲ့အစည်း ပညာပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတိုးတက်စေမှု၊ ကြိုတင် ကာကွယ်ခြင်းနှင့် စောစီးစွာ ကြားဖြတ်ကုသသည့် အစီအစဉ်များ ပံ့ပိုးဆောင်ရွက်ပါသည်။

## ပံ့ပိုးသော ဝန်ဆောင်မှုများ

### ဆေးပညာဆိုင်ရာ ဆွေးနွေးအကြံပေးသည့် ဝန်ဆောင်မှု

QTMHC သည် ဆေးပညာပိုင်းဆိုင်ရာ အထူးကုများနှင့် ဘာသာစကား နှစ်မျိုးပြောဆိုသော စိတ်ပိုင်းကျန်းမာရေး တိုင်ပင်ဆွေးနွေးသူများက ဘာသာစကားအမျိုးပေါင်း ၁၀၀ ကျော်နှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ များဖြင့် ဆေးပညာပိုင်းဆိုင်ရာ အထူးကု၏ဆွေးနွေးအကြံပေးသည့် ဝန်ဆောင်မှုများပေးသည်။ ဝန်ဆောင်မှုက အထူးကု၏ စစ်ဆေးခြင်းနှင့် အချိန်တို ကာလ ကြားဖြတ်ကုသခြင်းအပြင် စိတ်ပိုင်းကျန်းမာရေး ဝန်ဆောင်မှု ယူသူများနှင့် သူတို့၏မိသားစုဝင်များကို သိကောင်းစရာများ အသိပေးခြင်း၊ အကြံပေးခြင်းနှင့် စိတ်ပိုင်းကျန်းမာရေး ဝန်ဆောင်မှုပေးသူများထဲမှ ရွေးချယ်နိုင်သည်များ ပံ့ပိုးသည်။

### *စာကြည့်တိုက်နှင့် ဘာသာစကားမျိုးစုံ မှီငြမ်းစရာ*

QTMHC သည် ယဉ်ကျေးမှုအရဆက်နွယ်သော စိတ်ပိုင်း ကျန်းမာရေးဆိုင်ရာ အကြောင်းအရာမျိုးစုံနှင့်အတူ အမျိုးမျိုးသော စိတ်ပိုင်းကျန်းမာရေးဆိုင်ရာ ကိစ္စများအတွက် အသုံးပြုစရာ မှီငြမ်းစရာများ များပြားစုံလင်သည့် စာကြည့်တိုက်ထားရှိပါသည်။

### *စိတ်ပိုင်းကျန်းမာရေး တိုးတက်စေခြင်း၊ ကြိုတင် ကာကွယ်ခြင်းနှင့် စောစီးစွာ ကြားဖြတ်ကုသမှု*

အမျိုးမျိုးသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ QTMHC သည် ယဉ်ကျေးမှုမျိုးစုံသောအဖွဲ့အစည်းများတွင် ကဲ့ရဲ့ပြစ်တင်ခြင်းများ လျှော့ချရန်နှင့် စိတ်ပိုင်းကျန်းမာရေးကို သိရှိသဘောပေါက်ရန်နှင့် ခံနိုင်ရည်ရှိစေရန်အာရုံစိုက်သည့် အဖွဲ့လိုက်အစီအစဉ်များနှင့် လုပ်ဆောင်မှုအမျိုးမျိုးဖြင့် စုံလင်စွာ ညှိနှိုင်းဆောင်ရွက်ပါသည်။

### *ပြည်နယ်အနှံ့ ယဉ်ကျေးမှုမျိုးစုံ စိတ်ပိုင်းကျန်းမာရေး ညှိနှိုင်းပေးသူများ (MMHC)အစီအစဉ်*

QTMHC သည် MMHC လုပ်ငန်းများမှတဆင့် ပြည်နယ် အတွင်းရှိ ဆေးရုံများနှင့် ကျန်းမာရေးဝန်ဆောင်မှုများဖြင့် ပူးပေါင်းကာ ဝန်ဆောင်မှု ယူသူများနှင့် သူတို့၏မိသားစုများအတွက် သင့်လျော်သည့် စိတ်ပိုင်းကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းကို အာရုံစိုက် ဆောင်ရွက်သည့်အပြင် ဒေသခံ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်မှု ပြုပါသည်။

### *ဝန်ဆောင်မှုယူသူများနှင့် ပြုစုစောင့်ရှောက်သူများပါဝင်မှု*

QTMHC သည် QTMHC ၏ အစီအစဉ်များနှင့် ဝန်ဆောင်မှုများ သာမက ကျယ်ပြန့်သောမူဝါဒနှင့်အစီအစဉ် ပံ့ပိုးရေးနေရာများတွင် ပါဝင်စေခြင်းဗှာ ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြား ခြားနားကြသော နောက်ခံဘဝများမှ လာကြသည့် ဝန်ဆောင်မှုယူသူများ၊ ပြုစုစောင့်ရှောက်သူများနှင့် အတူတကွဆောင်ရွက်ပါသည်။

### *မူဝါဒနှင့် ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး*

QTMHC သည် ပြည်နယ်နှင့် နိုင်ငံတော်အစိုးရ အဆင့်များရှိ စိတ်ပိုင်းကျန်းမာရေး၊ ၎င်းနှင့်ဆက်နွယ်မှုရှိသောလုပ်ငန်းများမှ မူဝါဒနှင့် ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်နှင့် အရေးပါသောနေရာတွင် တာဝန်ယူထားပါသည်။

### *သုတေသန*

QTMHC သည် ယဉ်ကျေးမှုအရဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတွင် ရှေ့ဆက်တိုးတက်မှုနှင့် အထောက်အထားကို အခြေခံသည့် လုပ်ငန်းတွင်ပါဝင်ရေးအတွက် သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို အားပေးဆောင်ရွက်ပါသည်။

### *ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု*

ပညာရေးအစီအစဉ်က စိတ်ပိုင်းကျန်းမာရေးလုပ်ငန်းတွင် ယဉ်ကျေးမှု နှင့်ဆိုင်သော ဗဟုသုတနှင့် အရည်အချင်း ပြည့်ဝစေရေးသာမက ယဉ်ကျေးမှုမျိုးစုံပါဝင်သော အသင်းအဖွဲ့များနှင့် အဖွဲ့အစည်း များတွင် စိတ်ပိုင်းကျန်းမာရေးဆိုင်ရာပညာနှင့် ပတ်သက်သည့် စာပေတတ်ကျွမ်းမှုရှိစေရန် အာရုံစိုက်ထားပါသည်။

## အကယ်၍သင်က

- ယဉ်ကျေးမှုနှင့်လျော်ကန်သင့်မြတ်သော စစ်ဆေးခြင်းနှင့်/သို့မဟုတ် ဝန်ဆောင်မှုယူသူ နှင့်/သို့မဟုတ် သူတို့၏ မိသားစုဝင်များအတွက် စိတ်ပိုင်းဆိုင်ရာပညာပေးအလုပ် စီစဉ်ဆောင်ရွက်လိုလျှင်
- သင့်ဝန်ထမ်းများအတွက် ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာကျန်းမာရေး သင်တန်း လိုအပ်လျှင်
- သင်နှင့်အလုပ်လုပ်နေသော ဝန်ဆောင်မှုယူသူ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အတွက် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ အမျိုးအစား တိကျစွာလိုအပ်လျှင်
- သင့်လူမှုအဖွဲ့အစည်းမှ စိတ်ပိုင်းကျန်းမာရေးဆိုင်ရာ သီးခြားကိစ္စအကြောင်းကို အလုပ်ရုံ ဆွေးနွေးပွဲတစ်ခု ပြုလုပ်လိုလျှင်
- ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် စာအုပ်များ၊ စာရွက်စာတမ်းများ အခြားအထောက်အကူပစ္စည်းများ လိုအပ်လျှင်
- ယဉ်ကျေးမှုအရ ဆက်နွယ်သော ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများအတွက် အကြံဉာဏ် လိုအပ်လျှင် ကျွန်ုပ်တို့က ကူညီနိုင်ပါသည်။